# သခင်တင်မြသို့ အကြံပြုချက်
## ၂၁ - ၁၁ - ၂၀၀၉

ခေါင်းစည်းပြောင်းပြီးရေးတာ ဖတ်ရတယ်။ ရန်ကုန်ဘဆွေအကြောင်းရေးတာမှာ ဂဠုန်စောကို လုပ်ကြံရန်ကြိုးစားခဲ့စဉ်က အကြောင်းကို သူ (ရန်ကုန်ဘဆွေ) ရေးထားတာကို ပြန်ဖော်သင့်တယ်။

ဘာကြောင့်လဲဆိုတော့ ပြည်ပမှာရောက်နေတဲ့ ရှေ့မီနောက်မီ ပုဂ္ဂိုလ်များက သူတို့သိခဲ့သမျှကို သူတို့အချင်းချင်း ရေးနေကြလို့ပဲ။ ဂဠုန်စော လုပ်ကြံမှုကို ဗိုလ်နေဝင်း၊ ဗိုလ်အောင်ကြီးတို့က စီနစ်တကျစီစဉ်ခဲ့တာလို့ ဆိုတယ်။ ရန်ကုန်ဘဆွေက ဗိုလ်နေဝင်းအိမ်မှာ၊ ဗိုလ်လက်ျာရဲ့ညီ ကိုမြလှိုင်က ဗိုလ်အောင်ကြီးအိမ်မှာ သေနတ်ပစ်လေ့ကျင့်ကြရသတဲ့။ ရက်တော်တော်ကြာကြာ ကိုယ်ယောင်ဖျောက်ပြီး လေ့ကျင့်ကြတာဆိုပဲ။ ဂဠုန်စောရဲ့ သွားလာလှုပ်ရှားမှုကိုလည်း တဖက်က လေ့လာရသတဲ့။ ဒါကို အမေရိကားရောက် ကိုမြလှိုင်က ဖွင့်ဟဝန်ခံသွားတာလို့ ဆိုတယ်။ သူတို့က စာအုပ်ထုတ်မလိုလိုတောင် ကြားရတယ်။

ဗိုလ်နေဝင်း၊ ဗိုလ်အောင်ကြီးတို့က ဂဠုန်စောကို မသေအောင်ပဲ ပစ်ရမယ်လို့မှာလို့ မသေအောင် ပစ်ခဲ့တာလို့ ဆိုတယ်။ ဗိုလ်အောင်ဆန်းကိုပဲ ဂဠုန်စောက လက်စားချေမှာပဲဆိုတာသိလို့ အဲဒီလို မသေအောင် ပစ်ခိုင်းတာလို့ ဆိုတယ်။ ကိုမြလှိုင် ပြောခဲ့တာပဲလို့ အခိုင်အမာရေးနေကြလေရဲ့။

ရန်ကုန်ဘဆွေရေးတာကိုတော့ တခါက ဖတ်ဖူးတယ်။ အဲဒီအချက်အလက်တွေ စုပြီးရေးဖို့ ကောင်းတယ်။ ဂဠုန်စောရန်ညှိုးက ဇူလိုင် '၁၉' ကို ဖြစ်စေတဲ့ဟာမို့ အသေအချာ စုံစမ်းလေ့လာပြီးရေးဖို့ အကြံပြုပါတယ်။

www.cpburma.org